"တော်လှန်ရေး"ဟူသော စကားလုံး၏ အနက်အဓိပ္ပာယ်သည် အဟောင်းတို့ကို ချုပ်ငြိမ်းစေပြီး အသစ်တို့ကို ပေါ်ထွန်းစေခြင်းပင် ဖြစ်ပါ၏။ အမေရိကန်ပြည်ထောင်စုရှိ နီးဂရိုးတို့၏ အုံကြွလှုပ်ရှားမှုကြီးသည် ယင်းအင်္ဂါရပ်များကို ဆောင်ယူသည်။

လွတ်လပ်ခြင်း၊ တရားမျှတခြင်းတည်းဟူသော လောကပါလတရားများကို နီးဂရိုးတို့ ဆုံးရှုံးနေကြရ၏။ လူသားတိုင်း ရသင့်ရထိုက်သည့် လူ့မှုအခွင့်အရေးများ ရုပ်သိမ်းခြင်း ခံနေကြရ၏။ ထို လောကပါလတရားများ၊ လူ့မှုအခွင့်အရေးများ ပြန်လည်ရရှိရန်အတွက် နီးဂရိုးတို့ အုံကြွတောင်းဆိုကြသည်။ ထိုမှတစ်ဆင့် တော်လှန်ရေးတစ်ရပ်ကို ဆင်နွှဲလာကြသည်။

ဖိနှိပ်သူများ၊ ကျူးကျော်သူများဘက်က တရားလက်လွတ် ပိုမိုပြုကျင့်လာသည်နှင့်အမျှ အဖိနှိပ်ခံရသူများ၊ အကျူးကျော်ခံရသူများသည် ပိုမိုစည်းလုံးစမြဲ ဖြစ်သည်။ ပိုမိုအုံကြွစမြဲ ဖြစ်သည်။ နီးဂရိုးတို့သည် အမေရိကန်နိုင်ငံသားများပင် ဖြစ်၏။ အမေရိကန်ပြည်ထောင်စုကြီးနှင့် ကောင်းတူဆိုးဖက် ခေတ်အဆက်ဆက်တွင် နေထိုင်ခဲ့ကြ၏။ အမေရိကန်ပြည် လွတ်မြောက်ရေးတိုက်ပွဲများတွင် စွမ်းစွမ်းတမံ ပါဝင်ဆင်နွှဲခဲ့ကြ၏။ ပြည်ပရန်မှန်သမျှကိုလည်း လူဖြူများနှင့် ဒိုးတူပေါင်ဖက် အတူတကွ ရင်ဆိုင်ခဲ့ကြ၏။ သို့သော် လူဖြူနှင့် နီးဂရိုးတို့၏ စည်းလုံးညီညွတ်ရေးမှာမူ ပျက်ပြား၍နေချေသည်။ တစ်နိုင်ငံတည်းသားချင်း စည်းလုံးညီညွတ်မှု ပျက်ပြားကြသောအခါ၊ ပဋိပက္ခဖြစ်ပွားကြသောအခါ၊ အထင်အမြင် လွဲမှားကြသောအခါ အဖြေရှင်းရခက်လေ့ ရှိစမြဲပင်။

တစ်ပြည်ထောင်ဖွား တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေးသည် တိုင်းပြည်တစ်ပြည်အတွက် မရှိမဖြစ် လိုအပ်သော အချက်ပင်ဖြစ်၏။ တိုင်းရင်းသားချင်း အထင်အမြင် မလွဲမှားရေး၊ စည်းလုံးညီညွတ်ရေးကသာလျှင် နိုင်ငံတစ်ခု၏ ကံကြမ္မာအဆိုးအကောင်းကို ဖန်တီးကြောင်း လူ့သမိုင်း၏ အတွေ့အကြုံများအရ ကျွန်တော်တို့ သိရှိနားလည်ခဲ့ကြပါသည်။

ISBN978999711958